**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ(၁၆ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

အကြောင်းအရာ။ **Myanmar Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လိုက်နာရမည့် သတ်မှတ်ချက်များအား အသိပေး ထုတ်ပြန်ခြင်း။**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များအား Myanmar Tradenet 2.0 စနစ်မှ ခွင့်ပြုထုတ်ပေးလျက်ရှိရာတွင် အသစ်လျှောက်ထားသည့် ပို့ကုန်သွင်းကုန်လိုင်စင်/ ပါမစ်များအား ဌာနဘက်မှ ခွင့်ပြုခြင်း Approve ပြုလုပ်ပြီး (၁၀) ရက်အတွင်း ငွေပေးသွင်းခြင်းမပြုသည့်လိုင်စင်ပါမစ်များအား စနစ်မှ Auto Cancel ပြုလုပ်သည့်လုပ်ငန်းစဉ်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ထောက်ခံချက်ပါရှိသည့် လိုင်စင်ပါမစ်များ၏ ထောက်ခံချက်သက်တမ်းနှင့် လက်ကျန်အရေအတွက်များအား မူလအတိုင်း (Auto Cancel ဖြစ်ခဲ့သည့်လိုင်စင်လျှောက်ထားမှုအတိုင်း) ကျန်ရှိစေရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ၏ သက်ဆိုင်ရာ Section မှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ယခုအခါ **Tradenet 2.0 စနစ်အသုံးပြု၍ ပို့ကုန်သွင်းကုန်လိုင်စင်/ ပါမစ် (သက်တမ်းတိုး/ ပြင်ဆင်/ ပယ်ဖျက်/ အပ်နှံ/ ပိတ်သိမ်း) လျှောက်ထားမှုများ**တွင် ဌာနဘက်မှ ခွင့်ပြုခြင်း Approve ပြုလုပ်ပြီး (၁၀) ရက်အတွင်း ငွေပေးသွင်းခြင်း မပြုပါက စနစ်မှ Auto Cancelပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ Cancelled ဖြစ်ထားသည့်ကိစ္စရပ်များအတွက် မူလလျှောက်ထားမှု Process အတိုင်း ပြန်လည်လျှောက်ထားလိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲသို့ Auto Cancel ဖြစ်သည့်လိုင်စင်/ ပါမစ်များ (သက်တမ်းတိုး/ ပြင်ဆင်/ ပယ်ဖျက်/ အပ်နှံ/ ပိတ်သိမ်း) အား Delete ဆောင်ရွက်ပေးနိုင်ပါရန် Complain ပြုလုပ်ပြီးမှသာလျှင် မူလလျှောက်ထားမှုအတိုင်း ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Tradenet 2.0 စနစ်တွင် **လိုင်စင်/ပါမစ်(အသစ်) လျှောက်ထားမှုများ** အတွက် အပိုဒ်(၁)ပါလုပ်ငန်းစဉ်များအား ထပ်မံသိရှိစေနိုင်ရန်နှင့် လိုင်စင်/ ပါမစ် **(သက်တမ်းတိုး/ ပြင်ဆင်/ ပယ်ဖျက်/ အပ်နှံ/ ပိတ်သိမ်း)လျှောက်ထားမှုများ**အတွက် (၁-၉-၂၀၂၁) ရက်နေ့မှစ၍ အပိုဒ် (၂)ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန